အိန္ဒိယနိုင်ငံ၏ ကျောက်ဆစ်ပညာ၊ ပန်းတမော့ပညာ၊ ပန်းပုပညာ အစွမ်းကုန်ပြန့်ပွားခဲ့သော ဗုဒ္ဓဘာသာထွန်းကားသည့်ခေတ်က ပန်းပုလက်ရာ၊ ကျောက်ဆစ်လက်ရာ အကျန်အကြွင်းများသည် ယနေ့ ဟိုတစ်စသည်တစ်စ နှင့် ပျက်စီးနေသည့် အစိတ်အပိုင်းများအဖြစ်ဖြင့် ကမ္ဘာ့ပြတိုက်ကြီးများတွင် အနှံ့အပြားရောက်ရှိနေကြသည်၊

ဓညကဋကအမည်ရှိ ထိုမြို့တော်မှာလည်း သမိုင်းစာအုပ်များ၌ အမည်နာမ ပတ္တ မှုလောက်သာ ကျန်ရှိတော့သည်၊

ထိုစဉ်က ရှိခဲ့သည့် ကိရှနာမြစ်မှာမူ ယခုလည်းရှိနေသည်၊ လှိုင်းတလိမ့်လိမ့်စီးဆင်းနေပြီး ပုပ္ပဝလိနှင့် အဂ္ဂိဝမ္မာတို့၏အဖြစ်အပျက်ကို သတိပေးနေသကဲ့သို့ ရှိနေသည်၊

"နာဂါဂုနတောရှာ"၏ အသက်ရှင်နေသည့် သမိုင်းသည် ယခု အခါ၌ နာဂါဂုန ပင်လယ်ထဲတွင် ချုပ်ငြိမ်းသွားလေပြီ၊



PYG0048

3,200.00 KS

mgyoe.com

ခပ်လှမ်းလှမ်း သွားမိသောအခါ အဂ္ဂဝမ္မာသည် ခြေပစ်လက်ပစ်ဖြစ်ပြီး တစ်ဖန် ထိုင်ချလိုက်ပြန်သည်။ သူ၏မျက်စိသည် ဂေါဒါဝရီမြစ်၏ တလိမ့်လိမ့်ရွေ့လျားနေသည့် လှိုင်းလုံးများဆီ ရောက်သွားပြန်သည်။ လှိုင်းလုံးများသည် နေရောင်ခြည်နှင့် မြူးထူးပျော်ပါးကစားနေကြသည်။ မြစ်နဒီသည် ရေပုပ်ရေညစ်များကိုလည်း အမွေးအကြိုင်များထုံသင်းနေသည့် ရေကောင်းရေသန့်ကိုလက်ခံသည့် ချစ်ခြင်းမေတ္တာမျိုးဖြင့်ပင် လက်ခံသည်။ အဂ္ဂဝမ္မာ စစ်တမ်းထုတ်ကြည့်သည်။ သို့ရာတွင် လူ့လောက လူ့အဖွဲ့အစည်းသည် မြစ်နဒီမဟုတ်ပေ။ လူ့လောက လူ့အဖွဲ့အစည်းသည် တောင်တန်းနယ်မြေဖြစ်သည်။ ယင်း၌ သစ်ပင်ဝါးပင်များသည် နေရာကိုယ်စီ၌ အနိမ့်အမြင့် မညီမညာပေါက်နေကြသည်။ လူ့လောကအဖွဲ့အစည်းသည် သူ့မိခင်ကိုလည်း ခိုလှုံခွင့်မပေးနိုင်ခဲ့ပေ။ သူ့ကိုလည်း လဲလျောင်းခွင့်မပေးနိုင်ခဲ့ပေ။

အဂ္ဂဝမ္မာသည် အိမ်မှ ခြေဦးတည့်ရာထွက်လာခဲ့သည်။ သူ့ဘဝသည် ခိုကိုးရာမဲ့နေသည်။ သူ့တွင် ဘာတာဝန်မှမရှိပေ။ အနုပညာကို အလေ့အကျင့်ပြုလုပ်လိုသည့်ဆန္ဒရှိနေသည်။ ဖခင်၏အမွေအနှစ်ကို ဆက်ခံလိုသည့်ဆန္ဒရှိနေသည်။ ဖခင်၏ လက်ငုတ်လက်ရင်းကို ထိန်းသိမ်းလိုသည့်ဆန္ဒရှိနေသည်။ နာသိကမြို့က သူ့ကိုဆွဲဆောင်ခေါ်ငင်နေသည်။ နာသိကမြို့၏သတင်းသည် ထက်ဝန်းကျင်တွင် ပျံ့နှံ့ကျော်ကြားနေသည်။ တစ်ချိန်တုန်းက သာတဝါဟနမင်းဆက်ဘုရင်များ ထိုမြို့တွင် စိုးစံခဲ့ဖူးသည်။ ယင်းဘုရင်ကေရာဇ်များ၏ တံဆိပ်ခပ်နှိပ်သွန်းလောင်းထားသည့် ငွေဒင်္ဂါးပြားများကို သောရဋ္ဌတိုင်းပြည်ကပင် အသိအမှတ်ပြုရသည်။ ထိုမြို့၌ အနုပညာရှင်ကြီးများ ရှိကြသည်။ လက်မှုပညာသည်ကြီးများ အခြေစိုက်ကြသည်။ အနုပညာရှင်များလည်း ဂုဏ်ပြုခံရသည်။ အဂ္ဂဝမ္မာသည် လျှပ်စစ်ကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် ယူဇနာများစွာ ကွာဝေးသည့်ခရီးကို ဖြတ်သန်းကျော်လွှားပြီး နာသိကမြို့သို့ ရောက်လာခဲ့သည်။

ယင်းနာသိကမြို့ကပင် ယနေ့ သူ့ကိုခဲများဖြင့်ပေါက်ပြီး မောင်းထုတ်နေသည်။ နာသိကမြို့သည် အနုပညာကိုလေးစားမြတ်နိုးမှုရှိသော်လည်း လူကို နားမလည်ပေ။ သို့သော် လူကို နားလည်သည့်နေရာ ဘယ်မှာရှိသနည်း။ ကမ္ဘာလောကကြီးသည် အခါခပ်သိမ်းပင် လူပုဂ္ဂိုလ်ကို နှာခေါင်း

mgyoe.com

mgyoe.com

# [ ၂ ]

အင်္ဂုလိမာလသည် နောက်ဘက် ပြန်လှည့်မကြည့်တော့ပေ။ တစ်ခါတစ်ရံ ဦးခေါင်းကိုငုံ့လျက်လည်းကောင်း၊ တစ်ခါတစ်ရံ ရင်ကိုကော့လျက်လည်းကောင်း ဂေါဒါဝရီမြစ်ကမ်းတစ်လျှောက် လျှောက်သွားသည်။ နာသိကမြို့သည် သူ့အတွက် ရုတ်တရက် ရောင်တခင် ပန်းချီကားတစ်ခု၏ နောက်ခံသဖွယ်မျှ ဖြစ်သွားသည်။ အဓိက မဟုတ်တော့ပေ။ သာမညမျှ ဖြစ်သွားသည်။ ထင်းထင်းလင်းလင်း ရှိမနေတော့ပေ။ ဝိုးတဝါးသာ ဖြစ်သွားသည်။ နာသိကမြို့သည် သူ့အတွက် လောင်ကျွမ်းနေသော အမှတ်သညာတစ်ခုမျှသာ ဖြစ်နေတော့သည်။ လောင်ကျွမ်းနေပါက တစ်ချိန်တွင် ပြာဘဝရောက်ရပေတော့မည်။

မောကလည်း မောပန်း၊ ဝမ်းဗိုက်တွင်းမှလည်း တကြုတ်ကြုတ်နှင့် ဆာလောင်နေသည့် အင်္ဂုလိမာလသည် သူရူးတစ်ယောက်၏ အသွင်ဖြင့် လျှောက်သွားနေသည်။ နာသိကမြို့နှင့် မလှမ်းမကမ်း၌ ရှိနေရခြင်းသည်ပင် ယခုအခါ သူ့အတွက် အော့နှလုံးနာဖွယ် ဖြစ်နေသည်။

အင်္ဂုလိမာလသည် နာသိကမြို့ကို နာကြည်းသွားလေပြီ။ အဝေး၌တည်ရှိနေသည့် မိုးကုပ်စက်ဝိုင်းတွင် ရည်မှန်းချက်တစ်ခုခုကို တွေ့မြင်နေရသည်။ ဘဝ၏ အခြားအချပ်လွှာတစ်ခုသည် သူ၏ရှေ့မှောက်တွင် ပွင့်လာသည်။ အကယ်၍ တစ်ကြိမ်တစ်ခါ ယောင်ပြီး နာသိကဆီ အာရုံပြန်ရောက်သွား

mgyoe.com

mgyoe.com


သည် ဖြစ်ပါမူလည်း ချက်ချင်း မိမိကိုယ်ကိုထိန်းလျက် ရှေ့ဆက်ပြီး ခြေလှမ်း ခပ်သွက်သွက်လှမ်းလိုက်သည်။ သူ၏ခြေလှမ်းသည် ရည်မှန်းချက်မဲ့နေသည့် ခြေလှမ်းမျိုးမဟုတ်တော့ပေ။ မျှော်လင့်ချက်မဲ့နေသည့် ခနော်ခနဲ့ ခြေလှမ်းမျိုး မဟုတ်တော့ပေ။

ကျောက်ခဲကို ပစ်ချလိုက်လျှင် ရေပြင်၌ လှိုင်းထသွားသည်။ လှိုင်းလုံးများသည် တစ်ခုနှင့်တစ်ခု အပြိုင်အဆိုင်ဖြစ်ပြီး တစ်ခုက ကျန်တစ်ခုကို ကျော်တက်သွားသည်။ အဂ္ဂဝမ္မာ၏စိတ်အတွင်းက အခြေအနေလည်း ထိုသဘောအတိုင်းပင်ဖြစ်နေသည်။ အစော်ကားခံလိုက်ရခြင်းသည် သူ၏စိတ်ကို ပွတ်တိုက်နေသည်။ နှိုးဆွနေသည်။ ယခုအခါ၌ အဂ္ဂဝမ္မာသည် လျှင်မြန်သောအဟုန်ဖြင့် တသွင်သွင်စီးဆင်းနေသည့် ဂေါဒါဝရီမြစ်နှင့်အတူရှိနေသည်။

အချိန်ကြာမြင့်စွာ မရပ်မနားဘဲ ဆက်တိုက်ခရီးသွားပြီး သည့်အခါ မောပန်းနွမ်းလျသည်နှင့် အဂ္ဂဝမ္မာသည် သစ်ပင်တစ်ပင်အရင်းတွင် ထိုင်လိုက်သည်။ ထိုအချိန်၌ အနောက်ဘက်တွင် ပြုံးတုံးကြီးဖြစ်နေသည့် နေမင်းသည် မိုးကုပ်စက်ဝိုင်းတွင် အနီရောင်ဆေးမှုန့်များကို ဖြန့်ကြဲနေသည်။

အဂ္ဂဝမ္မာ၏မျက်လုံးသည် နာသိကမြို့ဆီ ရောက်သွားသည်။ ထိုအထွတ်အမြတ်ရှေးဟောင်းမြို့တော်၏ မိုးထိနီးပါး မြင့်မားထိုးထွက်နေသည့် နတ်ဗိမာန် နတ်ကွန်းများ၊ ပြာသာဒ်ဘုံအထွတ်များ၊ ရှည်လျားလှသော ရေချိုးဆိပ်ကြီးများသည်လည်းကောင်း၊ အုတ်အော်သောင်းတင်း ဖြစ်နေသည့် မြို့သူမြို့သားများသည်လည်းကောင်း အလွန်အလှမ်းဝေးသည့် နေရာတွင် ကျန်ခဲ့လေပြီ။ မှုန်ပျပျမြင်ရဖို့ပင် မလွယ်တော့ပေ။ သစ်ပင်ကို ဦးခေါင်းနှင့် မှီပြီး မျက်စိမှိတ်လိုက်သည်။ ကျေနပ်အားရစွာဖြင့် အသက်ကိုလည်း တစ်ဝရှူလိုက်သည်။

မောဟိုက်ပန်းလျလွန်းလှသဖြင့် ခြေလက်အင်္ဂါများမှာ ကျောက်သားလိုမာကျောနေကြသည်။ အိပ်၍လည်းမပျော်ပေ။ ဆက်လက်လျှောက်ဖို့လည်း ခဲယဉ်းနေသည်။ ဝမ်းဗိုက်အတွင်းကလည်း မည်မျှ ဆာလောင်မွတ်သိပ်နေသည်ဆိုလျှင် ဝမ်းဗိုက်တွင်း ဂေါဒါဝရီမြစ်ရေသည်ပင်လျှင် ကျိုက်ကျိုက်ဆူနေပြီဟု ထင်နေရသည်။

ညည်းရုံမှတစ်ပါး ဘာမှမတတ်နိုင်ပေ။ ဆာလောင်မွတ်သိပ်ခြင်းက

mgyoe.com

mgyoe.com


မအုပ်ချုပ်နိုင်တော့တာ။ သာတဝါဟနမင်းဆက်ဘုရင် အဲဒီကနေပြီး အဝေးကြီး ထွက်ပြေးသွားရပြီး ဧည့်ကင္ဍကမှာ ရောက်နေပြီ။ ခရီးသိပ်ဝေးတယ်။ မင်း တစ်ယောက်တည်းလား"

"ဟုတ်ပါတယ်"အဂ္ဂိဝမ္မာသည် ပြန်ဖြေရင်း ဦးခေါင်းမော့ပြီး အဘိုးအိုရှာသူကြီးကို လှမ်းကြည့်လိုက်သည်။ အကြောင်းမှုကား အဘိုးအိုအသံပြောင်းသွားသောကြောင့် ဖြစ်သည်။ အဘိုးအိုသည် တစ်စုံတစ်ခု ပြန်လည်စဉ်းစားနေပုံရသည်။ သာတဝါဟန မင်းဆက်ဘုရင်သည် တစ်ခါက သူ၏ထမင်းရှင်ဖြစ်ခဲ့ပုံပေါ်သည်။

"မင်း ဘာလူမျိုးလဲ၊ ဗြာဟ္မဏလူမျိုးလား"အဘိုးအိုက မေးပြန်သည်။

"ဘာလူမျိုးလဲ . . . အော် . . . အော် မေ့သွားလို့ပါ။ ကျွန်တော် ဗြာဟ္မဏမဟုတ်"အဂ္ဂိဝမ္မာသည် သွေးစေးများကပ်နေသည့် သူ၏ခြေထောက်ကို လက်ဖြင့်ပွတ်လိုက်သည်။ ခံမိုးရွာချသည်ကို သတိရလာသည်။ သက်ပြင်းတစ်ချက် ရှူလိုက်သည်။

"ဒါဖြင့် ဘာလူမျိုးလဲ"

"ကျွန်တော် သကလူမျိုး . . . အော် . . . မဟုတ်သေးဘူး ယဝနလူမျိုး"အဂ္ဂိဝမ္မာသည် မည်မျှထိတ်လန့်တုန်လှုပ်နေသနည်းဟူမူ အတွေးကိုလည်း မှန်မှန်မတွေးတတ်အောင် ဖြစ်နေသည်။ စကားကိုလည်း ဖြောင့်ဖြောင့်မပြောနိုင်အောင် ဖြစ်နေသည်။

"သြော် . . . ဒါနဲ့တောင် မင်း ဒီအခြေအနေမျိုး ရောက်နေရသေးသကိုး။ မင်းတို့လူတွေ မိုးကောင်းနေတဲ့အခါမဟုတ်လား။ ရုဒ္ဒဒမနဘုရင်ကမင်းတို့လူမျိုး မဟုတ်ဘူးလား"အဘိုးအိုက ဆက်တိုက်မေးလိုက်သည်။

"ကျွန်တော် ဘာမှမသိဘူး။ ကျွန်တော်က ကျောက်တုံးကျောက်ခဲနဲ့ပဲ အပေါင်းအဖော်လုပ်နေရတဲ့လူပါ"

"ဟုတ်တာပေါ့၊ မင်းတို့ ရုဒ္ဒဒမနဘုရင် အုပ်ချုပ်တဲ့နိုင်ငံမှာ ယောကျ်ားတွေလည်း ကျောက်တုံးကျောက်ခဲတွေဖြစ်နေပြီ"

အဘိုးအို တလွဲအဓိပ္ပာယ်ကောက်သည်ကိုသိရ၍ အဂ္ဂိဝမ္မာက ချက်ချင်း ပြန်ပြောလိုက်သည်။ "အဲဒီလိုလည်းမဟုတ်ပါဘူး။ ကျွန်တော် ဆိုလိုတာက အဲဒီအဓိပ္ပာယ်မဟုတ်ပါဘူး။ ကျွန်တော်က ကျောက်တုံး

mgyoe.com

mgyoe.com
ကျောက်ခဲတွေကို ရုပ်တုဖြစ်အောင် ထုလုပ်တဲ့လူပါ။ ဘယ်သူဘုရင်၊ ဘယ်သူ ဘုရင်မဟုတ်ဘူးဆိုတာ ကျွန်တော် သိကိုမသိပါဘူး"

"ဟုတ်လား၊ မင်းရုပ်တု ကောင်းကောင်းထုလုပ်တတ်သလား"

"ဟုတ်ကဲ့ ထုတတ်ပါတယ်"

"မင်းပြောတာ ယုံရမှာလား"

"မယုံရင် ခိုင်းကြည့်ပါလား"

အဂ္ဂဝမ္မာက ရုတ်ခြည်းပြန်ပြောလိုက်သည်။ သူ၏ဝန်ထုပ်ဝန်ပိုးကြီး တစ်ဝက်သာသာ လျော့ကျသွားပြီဟု အောက်မေ့နေသည်။

"ကောင်းပြီ၊ မင်းတည်းခိုခွင့်တောင်းတယ်မဟုတ်လား။ တည်းခိုခွင့်တောင်းတဲ့လူကို ငြင်းပယ်တာက ငါတို့ရဲ့ဓမ္မနဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။ မင်းတို့ဆီမှာ တည်းခိုနိုင်တယ်။ နေနိုင်တယ်၊ အခြေအနေကိုတော့ စောင့်ကြည့်ရဦးမယ်"

အဂ္ဂဝမ္မာကိုကြည့်ပြီးလျှင် ရွာသူကြီးသည် သူတပည့်လက်သားမြင်းစီးယောက်ျားများအား လှမ်းပြောလိုက်သည်။

"သူ့ကို ဇည့်ရိပ်သာ ခေါ်သွားကြ ကြားလား။ သူ့အတွက် အစားအသောက်လည်းပေးပါ။ လဲဖို့အဝတ်အစားလည်း ပေးကြ။ တစ်ခုတော့ သတိထားရမယ်။ သူ ဘယ်မှမသွားစေနဲ့။ အစောင့်အကြပ် တင်းတင်းကျပ်ကျပ် ချထားရမယ်"

"ကဲ မင်းသွားနိုင်ပြီ"

ရွာသူကြီးက သူ့လူတွေကို အမိန့်ပေးလိုက်သည်။ မြင်းစီးသမားများသည် အဂ္ဂဝမ္မာကို ခေါ်သွားကြသည်။

ထိုခြံနှင့် မနီးမဝေး၌ ဧည့်ရိပ်သာရှိသည်။ ဧည့်ရိပ်သာ၌ မည်သူမျှမရှိပေ။ မီးအိမ်လည်း မရှိပေ။ ကြမ်းပြင်ပေါ်၌ ဖုန်အထပ်ထပ်ဖြစ်နေသည်။ မည်သူမှမနေသည်မှာ ရက်ပေါင်းများစွာ ကြာပြီ။ ဧည့်ရိပ်သာ၏ ဘေးပတ်လည်၌ သစ်ပင်ကြီးများရှိသည်။ လရောင်သည် ဧည့်ရိပ်သာတွင်း၌ ဖြာကျနေသည်။ အဂ္ဂဝမ္မာသည် စားသောက်ခြင်းကိစ္စပြီးသည့်အခါ လှဲလိုက်သည်။ ထို့နောက် မေတ္တေယီကို အိပ်မက်မက်နေသည်။

■
mgyoe.com

mgyoe.com


ရဲဝံ့စွန့်စားရသော လုပ်ငန်းဆောင်တာများကို မျက်ကွယ်ပြုသည်အထိမူ ညစ်ကြေးစွန်းထင်းခြင်းမရှိသေးပေ။

အင်္ဂုလိမာလသည် ယခုအထိ ပြေးနေသူဖြစ်သည်။ သောရဋ္ဌ၊ နာသိက၊ ဂေါဒါဝရီတစ်လျှောက်၌ ပြေးနေသူဖြစ်သည်။ သို့ရာတွင် ပြေးနေသူသည် မရပ်တန့်ရတော့ဘူးလား။ ပြေးနေသူသည်လည်း ရပ်နားသည့်အခါရှိသည်။ "ငါ ဒီရွာမှာ နေမလား" နာသိက၊ မေတ္တေယီ၊ ရုပ်တု၊ သာတဝါဟနမင်းဆက် ဘုရင်၊ ပတိဋ္ဌာန၊ အင်္ဂုလိမာလ၊ ဓညကဋက အရာများစွာတို့သည် သူ့ရှေ့မှောက်တွင် လျင်မြန်သောအရှိန်အဟုန်ဖြင့် စက်လည်နေသကဲ့သို့ လည်နေသည်။ သူတစ်စုံတစ်ခု မဆုံးဖြတ်နိုင်အောင်ဖြစ်နေသည်။

"သား၊ ဒီလူငယ်ကို ရွာထဲလိုက်ပြလိုက်ပါ" ရွာသူကြီးသည် သူ့သားကိုအမိန့်ပေးလိုက်သည်။ "သူ့အတွက် အစားအသောက်တို့ ဘာတို့လည်း စီစဉ်ပေးလိုက် ကြားလား" ရွာသူကြီးသည် ချည်ထားသောသူ့နွားကို ကြည့်နေသည်။ အင်္ဂုလိမာလသည် သူကြီးသားလုလင်နှင့်အတူ ထွက်သွားသည်။

■

mgyoe.com

mgyoe.com


"ဒီမှာ ဘာလုပ်နေကြတာလဲ အဘ" အဂ္ဂဝမ္မာက အဘိုးအိုအား မေးလိုက်သည်။

"ဘုရားကျောင်းဆောက်မလို့"

"အရင်က ဒီနေရာမှာ ဘာရှိလဲ"

"အိမ်သေးသေးတစ်လုံးရှိတယ်။ အဲဒီအိမ်မှာပဲ ပူဇော်ကြတယ်။ ဝတ်တက်ကြတယ်။ စည်းဝေးသဘင်များလည်း အဲဒီအိမ်မှာပဲ ကျင်းပပြုလုပ်ကြတယ်။ အဲဒီအိမ်ကို ဟိုခွေးမသားစစ်သားတွေ ဖျက်ဆီးပစ်လိုက်ကြတယ်။ ဒီအိမ်လည်း ဒီပြင်အိမ်တွေလိုပဲလို့ သူတို့ မှတ်ကြတယ်ထင်တယ်"

"အခုတော့ ဒီမှာ အုတ်တွေ ကျောက်တွေနဲ့ အခိုင်အမာဆောက်တော့မလို့လား"

"ဟုတ်တယ် ငါတို့ဘုရားကျောင်းကို မြင့်မြင့်ဆောက်ကြတာဟာ၊ ထုနဲ့ ထည်နဲ့ အခိုင်အမာဆောက်ကြတာဟာ ဘုရားသခင် အအေးဒဏ်၊ အပူဒဏ်ခံနေရတဲ့အတွက်ကြောင့် မဟုတ်ဘူး။ မြင့်မားတဲ့ ဘုံအထွတ်တွေ၊ ပြာသာဒ်တွေ တင်တာဟာလည်း ဘုရားသခင်ကို လူ့ယဉ်ကျေးမှုပြလိုတဲ့အတွက်ကြောင့် မဟုတ်ဘူး။ ခေါင်းလောင်းထိုးတာဟာလည်း ဘုရားသခင် နားပင်းနေတဲ့အတွက်ကြောင့် မဟုတ်ဘူး။ အဲဒါတွေဟာ ဘုရားကျောင်းကို ထူးခြားအောင်၊ တခြားအဆောက်အအုံတွေနဲ့ မတူအောင် ပြုလုပ်ဖန်တီးထားတဲ့အရာတွေဖြစ်တယ်။ အဲဒီအရာဝတ္ထုတွေ၊ အဆောင်အယောင်တွေဟာ လူတွေကို ငြိမ်းချမ်းမှုပေးနိုင်တဲ့ ပတ်ဝန်းကျင် အနေအထားတစ်ခုကို ဖန်တီးပေးနိုင်တယ်"

အဘိုးအိုက ရှင်းလင်းပြောပြသည်။

"ဒါပေမဲ့ "အဂ္ဂဝမ္မာတစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သည်။ သို့ရာတွင် အဘိုးအိုက စကားကိုဆက်နေပြန်သည်ဖြစ်၍ အဂ္ဂဝမ္မာ အသာ နားထောင်နေရသည်။

"ဒါပေမဲ့ ငါသိတာကတော့ လူဟာ ဘုရားသခင်အတွက် ဘုရားကျောင်းဆောက်တာ မဟုတ်ဘူး။ ကိုယ့်အတွက် ဘုရားကျောင်းဆောက်တာ၊ အနုပညာကို တီထွင်ဖန်တီးတာ။ ဒီကမ္ဘာလောက တည်ဆောက်တဲ့ ပုဂ္ဂိုလ်ကို မိမိရဲ့တည်ဆောက်မှုအပ်နှင်းတာ။ ကြည်ညိုတဲ့စိတ်ဟာ အနုပညာ

mgyoe.com

mgyoe.com

၏ လေအဟုန်ကဲ့သို့ သွက်လက်သောမြင်းများ ကဆုန်ပေါက်ခဲ့ကြပေလိမ့်မည်။ ယင်းတောင်ကုန်းဒေသအတွက် လူပေါင်းများစွာ အသက်စတေးခဲ့ကြရပေလိမ့်မည်။ သို့ရာတွင် တောင်ကုန်းမြေကား ယင်းအဖြစ်အပျက်အားလုံးကို မေ့မေ့ပျောက်ပျောက်ဖြစ်ပြီး ငုတ်တုတ်ထိုင်နေသည့်အလား ထင်နေရသည်။ စကားမပြောတတ်သည့် ကြီးမားသောရုပ်တုကြီးကဲ့သို့ ငုတ်တုတ်ထိုင်နေသည်။ အဂ္ဂိဝမ္မာသည် တောင်စဉ်ရေမရ စဉ်းစားစိတ်ကူးနေသည်။

"ဒီအဘိုးကြီးဟာ ငါ့ကို ဘာဖြစ်လို့ဒါလောက် စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြသလဲမသိဘူး။ ငါလည်း သူ့လိုပဲ ဒီရွာမှာ ဧည့်သည် အာဂန္တုတစ်ယောက်ဖြစ်တဲ့အတွက်ကြောင့်ဖြစ်တယ်ထင်တယ်။ ငါ့ကို ရုပ်တုလုပ်ခိုင်းဖို့ ရွာသူကြီးကများ သူ့ကိုပြောထားသလားမသိဘူး။ ဒါမှ မဟုတ်ရင် သူ ငါ့ကို ဒါလောက် ချစ်ခင်ရင်းနှီးစွာနဲ့ ဒါလောက် အကျယ်တဝင့်ရှင်းလင်းပြောပြနေစရာမလိုဘူး။ မျက်ကွယ်အရာဝတ္ထုအတွက် စိတ်စောနေတဲ့ ဘုရားတရားကြည်ညိုသူရဲ့ စိတ်နှလုံးဟာ သူစိမ်းတစ်ရံ ဆံတစ်ဦးကို မိမိ ချစ်မေတ္တာဖြင့် မစိမ့်ထုံ မသွန်းလောင်းနိုင်ဘူးလား။ စိတ်သဘောထား မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပုံရတယ်။ သူနဲ့ အသိအကျွမ်း ဖြစ်ရတဲ့အတွက် ငါ့ကံကြမ္မာကို အများကြီးကျေးဇူးတင်ထိုက်တယ်။

"ငါ ရုပ်တု ထုလုပ်နိုင်ပါ့မလား။ ငါ ထုလုပ်တဲ့ ရုပ်တုဟာ ဘုရားသခင်ကို ကိုယ်စားပြုနိုင်ပါ့မလား။ ဘုရားတရားကြည်ညိုသူ၊ သဒ္ဓါပွားများသူများရဲ့ အကြည်အညိုအကန်တော့ခံ ဖြစ်နိုင်ပါ့မလား။ ဖြစ်နိုင်ဖို့လမ်းမရှိဘူး။ ငါ့ ရုပ်တုတွေဟာ စကားမပြောကြဘူး၊ အသက်မရှိကြဘူး။ ငါ ရုပ်တုထုလုပ်မလား။ ထုလုပ်နိုင်ပါ့မလား။ ရုပ်တုဟာ အနုပညာလက်ရာဆိုတာတော့ မှန်တယ်။ ဒါပေမဲ့ ကြည်ညိုမှု၊ သဒ္ဓါပွားများမှုကသာ ရုပ်တုထဲမှာ အသက်သွင်းပေးနိုင်တယ်။ ငါဟာ လုလင်အရွယ်မျှသာ ရှိသေးတယ်။ ငါ့မှာ ပျိုရွယ်သူတို့ရဲ့ ဝါသနာစရိုက်ဖြစ်တဲ့ လောဘတွေ ရှိတယ်။ ကာမဂုဏ်ခံစားလိုတဲ့ စိတ်တွေရှိတယ်။ လျှပ်ပေါ်လော်လည်ချင်တဲ့စိတ်တွေ ရှိတယ်။ အဲဒီလိုဆိုရင် ငါ ရုပ်တုထုလုပ်နိုင်ပါ့မလား။ ဒီမှာလည်း နာသိကမှာ ကြုံတွေ့ရတာမျိုး ကြုံတွေ့နေရဦးမှာလား။ မဖြစ်နိုင်ဘူး။ အဲဒီလိုတော့ ဘယ်နည်းနဲ့မှ ဖြစ်နိုင်ဖို့လမ်းမရှိဘူး"

mgyoe.com

